# Highlights from DVB Debate's Indonesian Samples Military Show

## October 21, 2017

## 'What can the Tatmadaw learn from the Indonesian Army?'

"မြန်မာ့တပ်မတော်ရဲ့ အတွေးက လွတ်လပ်ရေးယူစဉ် ကာလတုန်းက အတွေးအခေါ်အတိုင်းပဲ ရပ်နေတယ်။ တိုင်းပြည်ရဲ့ အချုပ်အခြာ အာဏာကို ငါတို့ထိန်းသိမ်းမှ ရမယ်ဆိုတဲ့ ကြိုးစိုးမှုမှာပဲ ရှိနေတဲ့အတွက် တော်တော်လေး ပြုပြင် ပြောင်းလဲဖို့က ခက်တယ်။"

ကိုဂ - စာရေးဆရာ၊ ဆောင်းပါးရှင်

---

"စစ်တပ်ကို တာဝန်ယူမယ့် အရပ်သားဟာ ဓမ္မဓိဋ္ဌာန်ကျကျ မေတ္တာ စေတနာနဲ့ ကွပ်ကဲမှာလား သို့မဟုတ် အရပ်သား အစိုးရက စစ်တပ်ကို ဘယ်လောက် ကောင်းကောင်း မွန်မွန် ဆက်ဆံမလဲ ဆိုတာက အဓိကကျတယ်။ ဒီ ဂန်းကျင်ကို ပြောင်းမှသာလျှင် အဆင့်က မြန်သွားမယ်လို့ ယူဆတယ်။"

ဒေါက်တာ အောင်မျိုး - တပ်မတော်သားဟောင်း တဦး

---

"အင်ဒိုနီးရှား စစ်တပ်နဲ့ မြန်မာ တပ်မတော် ကွာခြားချက်က ဘာလဲဆိုတော့ သမ္မတ ဆူဟာတို လက်ထက် တလျှောက်လုံး ဒီမိုကရေစီ ကမ္ဘာ့နိုင်ငံတွေက တပ်မတော်တွေနဲ့ ထိတွေ့ခွင့်၊ လေ့လာခွင့်ရတယ်။ အဲကတည်းက ပရော် ဖက်ရှင်နယ် ဖြစ်အောင် တပ်မတော်က တပ်မတော် တာဝန်ကို ထမ်းဆောင်နေတယ် ဆိုတာကို သမ္မတဆူဟာတို မနုတ်ထွက်ခင် ကတည်းက သဘောပေါက်ခဲ့တယ်။"

ကိုဂ - စာရေးဆရာ/ ဆောင်းပါးရှင်

---

"Armed conflicts နဲ့ ပတ်သက်လို့ တခုခု အာမခံချက် မရသေးခင် ကာလအတွင်းတော့ ခွာမှုက အချိန်ယူရဦးမှာပဲ။"

ဦးသိန်းထွန်းဦး - အမှုဆောင်ဒါရိုက်တာ၊ သေနင်္ဂမဟာဗျူဟာ လေ့လာရေးအဖွဲ့

"ပြည်တွင်းစစ်ဖြစ်ရင် အခံရဆုံးက ပြည်သူလူထုပဲ။ နိုင်ငံဖွံ့ဖြိုးရေးနဲ့သက်ဆိုင်ရင်သာ ပြည်သူက မခံစားရတာ။ တပ်မတော်ရဲ့ စိုးရိမ်မှုကိုလည်း ကျနော်နားလည်ပါတယ်။ armed conflicsts တွေကို အရပ်သားအစိုးရက မထိန်းနိုင်ဘူး.. တပ်မတော်က ထိန်းရတယ်ဆိုတာက အမှန်က နိုင်ငံမှာ ဒီမိုကရေစီကို ခိုင်ခိုင်မာမာ တည်ဆောင်နိုင်ဖို့က အဓိက လိုပါတယ်။"

ဦးရဲထွဋ် - အမျိုးသားလွှတ်တော်အမတ်

---

"တပ်မတော်က ပြည်ပရန်တွေ ကာကွယ်ဖို့ ရှိနေသေးတယ်လို့ ပြောတယ်။ အခုက ပြည်တွင်းစစ်တွေလည်း ရှိနေတယ်ဆိုတော့. ကျနော်တို့ ပြည်သူလူထု တိုင်းရင်းသားတွေကရော ပြည်ပရန်ဖြစ်နေလို့လား?"

ခေါင်ဟောင်း - လူငယ်စွမ်းရည်မြှင့်တင်ရေးကျောင်း

---

"ပေါက်ဖွားလာပုံခြင်းတူသော်ငြား ဖြတ်သန်းမှုသမိုင်းကြောင်းအရ အင်ဒိုနီးရှား တပ်မတော်က ကမ္ဘာနဲ့ပိုထိတွေ့ခွင့်ရတယ်။"

ကိုဂ - စာရေးဆရာ၊ ဆောင်းပါးရှင်

---